ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၁၇(ဃ) }

**ခုံသမာဓိအဖွဲ့**

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့

အငြင်းပွားမှုအမှတ် ( ၂၀ / ၂၀၂၂ )

| | |
|---|---|
| ဦးခွဲမာန်ထက်ပါ (၉၁)ဦး ( အလုပ်သမား )<br>ဗိုလ်တထောင်လမ်း၊ ညောင်ရွာ၊ လှိုင်သာယာမြို့နယ်။<br>၀၉ - ၆၈၁ ၇၄၃ ၄၅၇ ၊ ၀၉ - ၇၅၄ ၅၆၈ ၁၅၁ | နစ်နာ၍တောင်းဆိုသူ |

နှင့်

| | |
|---|---|
| ဒေါ်မေသဇင်ဦး ( အလုပ်ရှင် )<br>Like View Tex Garment Co.,Ltd<br>( အထည်ချုပ်စက်ရုံ )<br>ဦးကံလင်းထွန်း ( HR )<br>( အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ )<br>အမှတ်(၆/၈)၊ ရွှေရင်အေးဘုရားလမ်းသွယ်(၁၀)၊<br>စက်မှုဇုန်(၅)၊ လှိုင်သာယာမြို့နယ်။<br>၀၉ - ၆၆၁ ၇၈၇ ၂၂၃ | တောင်းဆိုခြင်းခံရသူ |

ရက်စွဲ ။ ၂၀၂၂ ခုနှစ်၊ မေ လ ၃၁ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၆/၈)၊ ရွှေရင်အေးဘုရားလမ်းသွယ်(၁၀)၊ စက်မှုဇုန်(၅)၊ လှိုင်သာယာမြို့နယ်ရှိ Like View Tex Garment Co.,Ltd( အထည်ချုပ်စက်ရုံ )၊ ဒေါ်မေသဇင်ဦး (အလုပ်ရှင်)၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးကံလင်းထွန်း( HR )နှင့် အလုပ်သမား ဦးခွဲမာန်ထက်ပါ (၉၁)ဦးတို့အကြားဖြစ်ပွားသော အငြင်းပွားမှုကို လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေးဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း တွေ့ရှိချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

အမှုဖြစ်စဉ်အကျဉ်းချုပ်

၃။ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၆/၈)၊ ရွှေရင်အေးဘုရားလမ်းသွယ်(၁၀)၊ စက်မှုဇုန်(၅)၊ လှိုင်သာယာမြို့နယ်ရှိ Like View Tex Garment Co.,Ltd( အထည်ချုပ်စက်ရုံ )မှ အလုပ်သမား ဦးဖွဲ့မာန်ထက်ပါ (၉၁)ဦးတို့သည် (၁၂/၂၀၂၁)လနှင့် (၁/၂၀၂၂)လ လစာများ မရရှိသည့်အတွက် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနသို့ သွားရောက်ဖြေရှင်းနေစဉ်အတွင်း အလုပ်ရှင်မှ အလုပ်သမား (၉၁)ဦးတို့အား အော်ဒါများမချုပ်ပေးခဲ့သည့်အတွက် အလုပ်မှ ရပ်နားခဲ့ကြောင်းပြောကြားခဲ့မှုအပေါ် လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ရာ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က(၃)ကြိမ်တိုင် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

ကောက်ချက် ။ တောင်းဆိုသူ အလုပ်သမား ဦးဖွဲ့မာန်ထက်ပါ (၉၁)ဦးတို့အား မူလနေရာ၊ မူလရာထူး၊ မူလလစာအတိုင်း အလုပ်ပြန်လည်ခန့်ထားရန်နှင့် အလုပ်ရပ်နားစဉ်အတွင်း ကြားကာလနစ်နာကြေးပေးရန် သင့် / မသင့်။

တွေ့ရှိချက်

၄။ အလုပ်သမား (၉၁)ဦးကိုယ်စား အလုပ်သမား ဦးရဲဝင်းဦးမှ ထွက်ဆိုရာတွင် အလုပ်ရှင်နှင့် အငြင်းပွားမှုဖြစ်ရခြင်းမှာ (၁၄-၁-၂၀၂၂)ရက်နေ့တွင် လစာအချိန်မီမရရှိသည့်အတွက် HR မန်နေဂျာအား မကျေနပ်သဖြင့် စက်ရုံအတွင်း စက်ရုံရှိ အလုပ်သမား (၁၀၄)ဦးတို့မှ ဆန္ဒပြခဲ့ရာ အလုပ်ရှင်မှခေါ်ယူ၍ အလုပ်သမားများ၏ မရရှိသောလစာများကို (၅-၂-၂၀၂၂)ရက်နေ့တွင် ပေးချေမည်ဖြစ်ကြောင်း၊ လက်ရှိအော်ဒါများကို အမြန်ဆုံးထွက်ရှိမှ လစာရရှိမည်ဖြစ်၍ ကြိုးစားပြီး လုပ်ပေးစေချင်ကြောင်း၊ အလုပ်သမားများမှလည်း အော်ဒါများကို လုပ်ပေးပါကြောင်း၊ စားဝတ်နေရေးခက်ခဲမှုကြောင့် လစာကျန်ငွေများရရှိရန် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနသို့ (၂၃-၁-၂၀၂၂)ရက်နေ့တွင် သွားရောက်တိုင်ကြားခဲ့ပါကြောင်း၊ အလုပ်ရှင်မှ အလုပ်သမား (၁၀၄)ဦးတို့အား (၁၅-၁-၂၀၂၂)ရက်နေ့တွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၌ လစာများပေးသည့်အခါတွင် အဖွဲ့(၃)ဖွဲ့ခွဲ၍ ပေးချေခဲ့ပြီး ပေးသည့်လစာများ မတူညီပါကြောင်း၊ မိမိတို့အဖွဲ့ရသည့်လစာများမှာ ရရှိမည့်လစာများထဲမှ ကျပ် ၇၀,၀၀၀/- သာ ရရှိခဲ့သည့်အတွက် ကျန်လစာများရရှိရန် အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနသို့ တိုင်ကြားစဉ်အတွင်း အလုပ်သမား (၁၀၄)ဦးထဲမှ အလုပ်သမား (၁၃)ဦးတို့သည် အလုပ်ရှင်နှင့်ညှိနှိုင်းပြီး အငြင်းပွားမှုတိုင်ကြားမှုတွင် ပါဝင်ခြင်းမရှိတော့သဖြင့် မိမိတို့ အလုပ်သမား (၉၁)ဦးသာ ကျန်ရှိခဲ့ပါကြောင်း၊ ထိုအချိန်တွင် အလုပ်ရှင်မှ အလုပ်ရပ်နားကြောင်း ပြောကြားခဲ့သဖြင့် စက်ရုံသို့သွားရောက်ခြင်း မရှိခဲ့ပါကြောင်း၊ မိမိ

သဘောဆန္ဒအလျောက် အလုပ်မှနုတ်ထွက်ခြင်း မဟုတ်ပါကြောင်း၊ ထို့ကြောင့် အလုပ်ရှင်မှ အလုပ်ရပ်နားလိုက်ကြောင်းပြောခြင်းသည် ခိုင်လုံသောအကြောင်းပြချက်မရှိသဖြင့် လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ရာ ညှိနှိုင်းစဉ်တွင် အလုပ်ရှင်မှ အလုပ်မှထုတ်ပယ်ခြင်း မဟုတ်ပါကြောင်း၊ အလုပ်ပြန် မခန့်နိုင်ပါကြောင်း၊ အလုပ်သမား(၉၁)ဦးတို့သည် လုပ်သက်(၂)လကျော် အစမ်းခန့်ကာလအလုပ်သမားများဖြစ်၍ စားဝတ်နေရေး ခက်ခဲမှုကြောင့် အလုပ်ကိုသာ ပြန်လည်လုပ်ကိုင်လိုပါကြောင်းနှင့် မူလနေရာ၊ မူလရာထူး၊ မူလလစာအတိုင်း အလုပ်ပြန်လည်ခန့်ထားပေးပါရန်နှင့် အလုပ်ရပ်နားစဉ်အတွင်း ကြားကာလနစ်နာကြေးများ ရရှိလိုပါကြောင်း တင်ပြထွက်ဆိုထားပါသည်။

၅။ အလုပ်ရှင်၏ကိုယ်စား ဦးကံလင်းထွန်း (HR Admin )မှ ထွက်ဆိုရာတွင် Like View Tex Garment Co.,Ltd( အထည်ချုပ်စက်ရုံ )သည် (၁၅-၁၀-၂၀၂၁)ရက်နေ့တွင် စတင်ဖွင့်လှစ်ပြီး အလုပ်သမား (၃၁၇)ဦးဖြင့် လည်ပတ်လုပ်ကိုင်ခဲ့ပါကြောင်း၊ ယခုလက်ရှိစက်ရုံတွင် အလုပ်သမား ကျား (၄၇)ဦး၊ မ (၅၀)ဦး၊ စုစုပေါင်း (၉၇)ဦးဖြင့် လည်ပတ်လုပ်ကိုင်လျက်ရှိပါကြောင်း၊ အငြင်းပွားမှု စတင်ဖြစ်ပွားချိန်တွင် (၁၀၄)ဦးရှိပါကြောင်း၊ (၁၅-၁-၂၀၂၂)ရက်နေ့တွင် အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနၦ (၁၂/၂၀၂၁)လနှင့် (၁/၂၀၂၂)လ လစာများအားအဖွဲ့(၃)ဖွဲ့ခွဲ၍ ပေးခဲ့ပါကြောင်း၊ ၎င်းတို့ရရှိမည့်လစာများထဲမှ ကျပ် ၇၀,၀၀၀/- သာ ပေးခဲ့ပါကြောင်း၊ (၁၆-၁-၂၀၂၂)ရက်နေ့တွင် အလုပ်ရှင်မှ အလုပ်သမား (၁၀၄)ဦးအား အစည်းအဝေးခေါ်၍ လစာပေးချေရန် အခက်အခဲများရှိကြောင်း ရှင်းလင်းပြပြီး အော်ဒါများအား မြန်မြန်ချုပ်လုပ်ဆောင်ရွက်ပေးမှသာ လစာအတွက် အဆင်ပြေမည်ဖြစ်ကြောင်းကို ပြောကြားခဲ့ပါကြောင်း၊ သို့သော် အလုပ်သမားများမှ အော်ဒါများကို မလုပ်ပေးနိုင်ဟု ပြောကြားခဲ့ပါကြောင်း၊ (၂၃-၁-၂၀၂၂)ရက်နေ့တွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနကို သွားရောက်တိုင်ကြားဖြေရှင်းနေစဉ်အတွင်း အလုပ်သမား (၁၀၄)ဦးထဲမှ (၁၃)ဦးသည် အလုပ်ရှင်နှင့်ညှိနှိုင်းပြီး အငြင်းပွားမှုတွင် မပါဝင်သည့်အတွက် အလုပ်သမား (၉၁)ဦးသာ ကျန်ရှိပါကြောင်း၊ အလုပ်ရှင်မှ အလုပ်သမား (၉၁)ဦးသည် အော်ဒါများချုပ်ပေးခြင်း မပြုလုပ်ခဲ့၍ အလုပ်ပြန်ခန့်လျှင် ယခင်အတိုင်းဖြစ်မည်စိုးရိမ်ပြီး အလုပ်ရပ်နားကြောင်း၊ (၂၃-၃-၂၀၂၂)ရက်နေ့တွင် စက်ရုံရှိ အလုပ်သမား (၉၇)ဦးရှိသည့်အနက် အလုပ်သမား (၅၀)ဦးကို အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ် ( EC စာချုပ် )ပါ အချက်အလက်များနှင့် ပတ်သက်၍ နားလည်သဘောတူလက်ခံကြောင်း လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါကြောင်းနှင့် ယခု တောင်းဆိုသူ အလုပ်သမား (၉၁)ဦးတို့အား အလုပ်ပြန်လည်မခန့်ထားနိုင်ပါကြောင်း တင်ပြထွက်ဆိုထားပါသည်။

သုံးသပ်ချက်

၆။ ယခုအငြင်းပွားမှုသည် လစဉ်လစာများ မရရှိသည့်အတွက် အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီး ဌာနသို့ တိုင်ကြားနေစဉ်အတွင်း အော်ဒါများအား မချုပ်ပေးခြင်းကြောင့် အလုပ်ရပ်နားသည့် အငြင်းပွားမှုဖြစ်ကြောင်း၊ တောင်းဆိုသူ အလုပ်သမား (၉၁)ဦးတို့သည် လုပ်သက် (၂)လကျော်ရှိသော အစမ်းခန့်အလုပ်သမားများဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ အလုပ်ရှင်မှ လစာပေးရန်ခက်ခဲမှုရှိသည့်အတွက် အော်ဒါများအား ကြိုးစားချုပ်လုပ်ပြီး မြန်မြန်ထွက်ရှိရေးကို ဆောင်ရွက်ပေးရန်ပြောကြားမှုအပေါ် အလုပ်သမားများမှ လုပ်ခလစာ အချိန်မီ မရရှိသည့်အတွက် ကြိုးစားဆောင်ရွက်ပေးလိုမှု မရှိခြင်းသည် အလုပ်ရှင်နှင့် အလုပ်သမားများကြား ယုံကြည်မှု ပျက်သွားကြောင်း သုံးသပ်ရသည်။ အလုပ်ရှင်အနေဖြင့် အလုပ်သမားများနှင့် ညှိနှိုင်းမှုပြုလုပ်သင့်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၇။ အလုပ်သမားများအနေဖြင့် အော်ဒါများကို လစ်လျူရှုပြီး လစာကျန်ငွေများတောင်းခံခြင်းသည် စားဝတ်နေရေးခက်ခဲမှုကြောင့်ဖြစ်ကြောင်း သုံးသပ်ရသည်။ အလုပ်ရှင်မှလည်း လစာပေးမည့်ရက်တွင် လုပ်ခလစာအပြည့်အဝပေးရန် တာဝန်ရှိပေသည်။ ဦးဖွဲ့မာန်ထက်ပါ အလုပ်သမား (၉၁)ဦးတောင်းဆိုသော အလုပ်ပြန်လည်ခန့်ထားပေးရန်တောင်းဆိုမှုအား အလုပ်ရှင်မှ ပြန်လည်ခန့်ထားပေးရန် ဆန္ဒမရှိခြင်း၊ လုပ်ခလစာလည်း အချိန်မီပေးနိုင်ခြင်း မရှိခြင်းတို့ကြောင့် အလုပ်ပြန်လည်ခန့်ထားရန်မသင့်ကြောင်း သုံးသပ်သည်။ အလုပ်သမား (၉၁)ဦးတို့အား အလုပ်ပြန်လည်မခန့်ထားပါက အစမ်းခန့်ကာလ လုပ်ခလစာ တစ်ရက် ၃,၆၀၀/- နှုန်းဖြင့် တစ်လစာစီအား တောင်းဆိုသူ အလုပ်သမားများကိုယ်တိုင် ဥပဒေပါ သတ်မှတ်ကာလအတွင်း လာရောက်ထုတ်ယူရန်နှင့် လာရောက်မထုတ်ယူသူများကို ပေးရန် မလိုကြောင်း သုံးသပ်၍ အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်။

ဆုံးဖြတ်ချက် ။

(က) တောင်းဆိုသူ အလုပ်သမား ဦးဖွဲ့မာန်ထက်ပါ (၉၁)ဦးအား အလုပ်ပြန်လည်ခန့်ထားရန် မလိုကြောင်း ဆုံးဖြတ်သည်။

(ခ) အလုပ်ရှင်မှ တောင်းဆိုသူ အလုပ်သမား ဦးဖွဲ့မာန်ထက်ပါ (၉၁)ဦးအား တစ်ဦးလျှင် ကျပ် ၁၀၈,၀၀၀/- နှုန်းဖြင့် တွက်ချက်ထုတ်ပေးရန်နှင့် တောင်းဆိုသူ အလုပ်သမား (၉၁)ဦးတို့သည် ငွေထုတ်ယူချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် ဝန်ထမ်းကတ်များဖြင့် ကိုယ်တိုင်လာရောက်ထုတ်ယူရန် ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၈။ တောင်းဆိုသူအားပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနှစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁)ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

| | | | |
|---|---|---|---|
| (ဇင်ကေသွယ်)<br>အတွင်းရေးမှူး | (လွင်လွင်မြင့်)<br>ဥက္ကဋ္ဌ | | (ကျော်ရီဦး)<br>အဖွဲ့ဝင် |
| (ကျင်အေး)<br>အဖွဲ့ဝင် | (ဒေါက်တာခင်မောင်အေး)<br>အဖွဲ့ဝင် | ( လစ်လပ် )<br>အဖွဲ့ဝင် | (မြင့်အောင်)<br>အဖွဲ့ဝင် |
| (ကျော်ဇေယျ)<br>အဖွဲ့ဝင် | (စောတင်)<br>အဖွဲ့ဝင် | ( လစ်လပ် )<br>အဖွဲ့ဝင် | (ကျင်သိန်း)<br>အဖွဲ့ဝင် |